
Translator - Shanhtet
ဂတနာနယ်မြေအရှင်သခင်
စာစဉ်-၁

# အခန်း (၁)
# ထူးကဲသာလွန်သော နတ်ဘုရား စိုက်ပျိုးရေးစနစ် နိုးထလာခြင်း

*

"အသုံးမကျတဲ့ကောင်ဆိုတာ အမြဲတမ်း အနင်းအနယ် ခံနေရမှာပဲ။ တစ်နေ့ကျမှ စာကလေးဘဝကနေ ဟင်္သာမင်းအဖြစ် အသွင်မပြောင်းနိုင်သရွေ့တော့ ဒီအတိုင်းပဲ နေပေဦးတော့ပေါ့"

... "ဒါ ဘယ်နေရာလဲ။ ငါ ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေတာလဲ"

ချင်ယွမ်ဖုန်းသည် တွေဝေငေးမောစွာဖြင့် မျက်လုံးတို့ကို ဖြည်းညှင်းစွာ ဖွင့်ကြည့်လိုက်မိသည်။

မိမိရောက်ရှိနေသည်မှာ ဟောင်းနွမ်းစုတ်ပြတ်လှသော သက်ကယ်တဲအိုလေးတစ်လုံးအတွင်း ဖြစ်နေသည်ကို တွေ့ရ၏။

တစ်တဲလုံးမှာ ယိုင်နဲ့နဲ့ ဖြစ်နေရုံမျှမက အသုံးအဆောင် ပရိဘောဂဟူ၍လည်း မယ်မယ်ရရ မရှိချေ။

သူ လဲလျောင်းနေသော ပျဉ်ထောင်ခုတင်အစုတ်လေးမှအပ၊ အခန်းတွင်း၌ ထိုင်ခုံနှစ်လုံးနှင့် စိုက်ပျိုးရေးသုံး ပေါက်တူးအနည်းငယ်သာ ရှိလေသည်။

"မနေ့ညက ငါ KTV မှာ မွေးနေ့ပွဲလုပ်နေတာ မဟုတ်လား။ ဘယ်လိုဖြစ်ပြီး ဒီလို ဘုရားသခင် စွန့်ပစ်ထားတဲ့နေရာကို ရောက်လာရတာလဲ"

ချင်ယွမ်ဖုန်းသည် ခုတင်ပေါ်တွင် မတ်မတ်ထိုင်ရင်း ရေရွတ်မိ၏။

"တောင်.... ထူးကဲသာလွန်သော စိုက်ပျိုးရေး

စနစ်ကို စတင် ထည့်သွင်းနေပါသည်"

"တောင်......ထူးကဲသာလွန်သော စိုက်ပျိုးရေး စနစ် ထည့်သွင်းခြင်း ပြီးဆုံးပါပြီ"

ရုတ်တရက်ဆိုသလို နားထဲသို့ ချိုသာသော မိန်းကလေးအသံတစ်သံ ပျံ့လွင့်ဝင်ရောက်လာရာ ချင်ယွမ်ဖုန်းမှာ လန့်ဖျပ်သွားရသည်။

သူသည် ပတ်ဝန်းကျင်ကို သတိကြီးစွာဖြင့် ဝေ့ဝဲကြည့်ရှုရင်း အော်ဟစ်မေးမြန်းလိုက်၏။

"ဘယ်သူလဲ၊ ဘယ်သူ စကားပြောနေတာလဲ"

သို့ရာတွင် ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်သာ ရှိနေပေရာ လူရိပ်လူခြေ ဝေးစွ၊ တစ္ဆေတစ်ကောင်တစ်မြီးမျှပင် ရှိဟန်မတူချေ။

"အရှင်သခင်... စိုးရိမ်ထိတ်လန့်ခြင်း မဖြစ်ပါနဲ့။ ကျွန်မကတော့ အရှင်သခင့်ကို အလုပ်အကျွေးပြုမယ့် စနစ်ဖြစ်တဲ့ ‘ရှောင်လင်’ ပဲ ဖြစ်ပါတယ်။

အရှင်သခင့်ကို အလုပ်အကျွေးပြုရတာ ဂုဏ်ယူမိပါတယ်ရှင်။ ဒီနေရာကတော့ ရှန်းဂူ စကြဝဠာ တိုက်ကြီးပဲ ဖြစ်ပါတယ်..."

"စနစ် ၊ ရှန်းဂူ စကြဝဠာ တိုက်ကြီး ဟုတ်လား"

ချင်ယွမ်ဖုန်း၏ မျက်လုံးများ ပြူးကျယ်သွားရုံမျှမက၊ ကြီးမားလှသော သတင်းအချက်အလက် အစုအဝေးကြီးမှာ ဦးနှောက်အတွင်းသို့ အလုံးအရင်းနှင့် စီးဝင်လာပေရာ ပြင်းထန်သော ဝေဒနာကို ခံစားလိုက်ရလေသည်။

စက္ကန့်အနည်းငယ်ခန့် ကြာပြီးနောက်တွင်မူ ချင်ယွမ်ဖုန်း တစ်ယောက် အခြေအနေအရပ်ရပ်ကို သဘောပေါက်သွားတော့သည်။ မနေ့ညက KTV တွင် အပျော်ကျူးကာ အိပ်ရေးပျက်ခဲ့သဖြင့် နှလုံးရပ်ပြီး ရုတ်တရက် သေဆုံးသွားခဲ့ခြင်း ဖြစ်ပေသည်။

ထို့နောက် ယခု ရှန်းဂူ စကြဝဠာ တိုက်ကြီးသို့ ဝိညာဉ်ကူးပြောင်းလာကာ အမည်တူသည့် လူငယ်တစ်ဦး၏ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်ပူးကပ်ခဲ့ခြင်းပင်။

သို့သော် ချင်ယွမ်ဖုန်းအား စိတ်မသက်မသာဖြစ်စေသည့်အချက်မှာ အခြားသော ဝိညာဉ်ကူးပြောင်းသူများမှာ မင်းသား သို့မဟုတ် တန်ခိုးကြီးသော ဧကရာဇ်များ ဖြစ်ကြသော်လည်း၊ သူကမူ ဂုဏ်ငယ်လှသော 'အသုံးမကျသူ' တစ်ဦး၏ ခန္ဓာကိုယ်၌သာ လာရောက်သန္ဓေတည်ရခြင်းပင် ဖြစ်ချေသည်။

မှန်ပေသည်။ သူကား အသုံးမကျသူ တစ်ယောက်သာပင်။

သူ သတိမလည်တပ်မီကပင် ထိုစကားစုမှာ ဦးနှောက်ထဲ၌ တဝဲလည်လည် ဖြစ်နေခဲ့၏။

"အသုံးမကျတဲ့ကောင်ဆိုတာ အမြဲတမ်း အနင်း

အနယ် ခံနေရမှာပဲ။ တစ်နေ့ကျမှ စာကလေး ဘဝကနေ ဟင်္သာမင်းအဖြစ် အသွင်မပြောင်းနိုင်သရွေ့တော့ ဒီအတိုင်းပဲ နေပေဦးတော့ပေါ့"

သူ ဝင်ရောက်ပူးကပ်လိုက်သော ခန္ဓာကိုယ်မှာ ထျန်းတူး ပြည်နယ်မြို့တော်ရှိ ချင်မိသားစုမှ တပည့်တစ်ဦး၏ ကိုယ်ခန္ဓာ ဖြစ်ပေသည်။

ချင်မိသားစုဟူသည်မှာလည်း အဆင့်အတန်းအားဖြင့် ဒုတိယတန်းစားသာ ဖြစ်သော်လည်း မိသားစုအရှိန်အဝါ မကျဆင်းစေရန် မျိုးဆက်သစ်တပည့်တိုင်းကို စစ်ဆေးမှုများ ပြုလုပ်လေ့ရှိသည်။

ပါရမီ ထူးချွန်သူများကိုမူ 'ဆေးနတ်ဘုရားဂိုဏ်း' သို့ 'တရားဝင်တပည့်' အဖြစ် စေလွှတ်လေ့ကျင့်ပေးသော်လည်း ပါရမီနုံ့သူများကိုမူ မိသားစုအတွင်း၌သာ ထားရှိကာ ဝေယျာဝစ္စများကိုသာ စီမံစေ၏။

မူလက ချင်ယွမ်ဖုန်းမှာ ပါရမီထူးချွန်သူတစ်ဦး ဖြစ်ခဲ့ဖူးပြီး ချင်မိသားစု၏ အချစ်တော်လည်း ဖြစ်ခဲ့ပေသည်။

သို့ရာတွင် ဆေးနတ်ဘုရားဂိုဏ်း၏ စစ်ဆေးမှု ခံယူရန် ရွေးချယ်ခံရသည့်အချိန်မှာပင် သူ၏ ပါရမီများမှာ နာလန်မထူနိုင်အောင် ပျက်စီးသွားခဲ့ရသည်။

ထိုအခါ ပါရမီရှင် လူငယ်လေးဘဝမှ အသုံးမကျသော လူငယ်လေးဘဝသို့ တစ်ညအတွင်း ကူးပြောင်းသွားခဲ့ရလေတော့သည်။

မိသားစု၏ အလားအလာအရှိဆုံး ကြယ်ပွင့်လေးမှာ တစ်ခဏချင်းအတွင်း လူတကာ၏ လှောင်ပြောင်စရာ အရာဝတ္ထု ဖြစ်သွားခဲ့ရပေရာ ယင်းကပင် သူ၏ ကံကြမ္မာ အချိုးအကွေ့ ဖြစ်တန်ရာသည်။

ဆေးနတ်ဘုရားဂိုဏ်း၏ စစ်ဆေးမှု ပြီးဆုံး

သောအခါတွင်လည်း ‘တရားဝင်တပည့်’ ဟူသော ဘွဲ့ထူးကို မရရှိသည့်အပြင် ဂိုဏ်းအတွင်း အနိမ့်ကျဆုံး ဖြစ်သည့် ‘ဝေယျာဝစ္စတပည့်’ ဘွဲ့ကိုသာ ချီးမြှင့်ခြင်း ခံခဲ့ရလေသည်။

ဝေယျာဝစ္စတပည့်ဟူသည်မှာ ဂိုဏ်းအတွင်း၌ အထွေထွေ အလုပ်ကြမ်းများကို လုပ်ကိုင်ရသူများ ဖြစ်ကြသည်။ ယင်းကပင် မဆိုးလှသေးဟု ဆိုရပေမည်။

သူ့အား တာဝန်ချပေးသည့် နေရာမှာ ငှက်ပင်လာ၍ မစွန့်ပစ်ဝံ့သော၊ မြက်ပင်ပင် ပေါက်ရန်ခဲယဉ်းလှသော ‘မြေနက်မြေ’ ဖြစ်နေခြင်းကသာ ပို၍ ဆိုးရွားလှပေသည်။

ထိုသို့သော အခြေအနေအောက်တွင် တစ်ချိန်က ပါရမီရှင်ဟု ကျော်ကြားခဲ့သော ချင်ယွမ်ဖုန်းသည် မည်သို့လျှင် အလုပ်သမားဘဝဖြင့် တင်းတိမ်နိုင်ပါအံ့နည်း။

သို့ဖြစ်၍ မိသားစုထံ ပြန်ရန် ကြိုးစားခဲ့သော်လည်း ဂိုဏ်းမှ ပယ်ထုတ်ခြင်းခံရသော တပည့်တစ်ဦးအား မည်သူက အရေးတယူ ရှိပါတော့မည်နည်း။

မိသားစုက သူ့အပေါ် ကောင်းခဲ့ခြင်းမှာလည်း သူ၏ ပါရမီကြောင့်သာ ဖြစ်ပေရာ၊ ယခုကဲ့သို့ အသုံးမကျသူ ဖြစ်သွားချိန်တွင်မူ မည်သူကမျှ အဖတ်လုပ်ခြင်း မရှိကြတော့ချေ။

မိသားစုထံ ပြန်ရောက်သည့် ပထမဆုံးနေ့မှာပင် တစ်ချိန်က သူ၏ပါရမီကို မနာလိုဖြစ်ခဲ့သူများ၏ ရိုက်နှက်ကန်ကျောက်ခြင်းကို ခံခဲ့ရသည်။

နောက်ဆုံးတွင် မျှော်လင့်ချက်မဲ့စွာဖြင့် မိမိအား ချပေးထားသော မြေနက်မြေသို့ ပြန်လာခဲ့ရပြီး၊ မူလ ချင်ယွမ်ဖုန်းမှာလည်း ဝမ်းနည်းကြေကွဲမှုဖြင့် အသက်ပျောက်ခဲ့ရပေတော့သည်။

"ငါ့ဘဝက အဆင်မပြေဘူး ထင်နေတာ၊ မင်းက ငါ့ထက်တောင် သနားဖို့ကောင်းနေပါလား ညီလေးရာ။ တစ်ချိန်က တောက်ပခဲ့ဖူးပြီးမှ အခုလို အနိမ့်ဆုံးအဆင့်ကို ထိုးကျသွားတာ တကယ်ကို ဝမ်းနည်းစရာပဲ" ဟု ချင်ယွမ်ဖုန်းက သက်ပြင်းချရင်း ဆိုလိုက်မိသည်။

"ဒါနဲ့ ရှောင်လင်… မင်းက ငါ့ရဲ့ စနစ်ဆိုတော့၊ ငါ့အတွက် 'အသစ်ဝင်လက်ဆောင်' လေးဘာလေး မရှိဘူးလား" ဟု သတိဝင်လာသော ချင်ယွမ်ဖုန်းက အမြန်မေးလိုက်၏။

အွန်လိုင်းဝတ္ထုများစွာ ဖတ်ဖူးသူပီပီ၊ စနစ်တစ်ခုပါလာလျှင် အစွမ်းထက်သည့် အကူအညီများ ရှိရမည်ကို သူ ကောင်းကောင်း သိနေပေသည်။

"ဟုတ်ကဲ့ပါ အရှင်သခင်၊ အသစ်ဝင်လက်ဆောင် ရှိပါတယ်ရှင်။ အခုပဲ ယူမလားရှင်"

"ယူမယ်၊ အခုချက်ချင်း ယူမယ်"

ဤမျှ ဆိုးရွားလှသော ဘဝထဲသို့ ရောက်နေမှတော့ အခြေအနေ တိုးတက်လာအောင် မလုပ်နိုင်လျှင် ဝိညာဉ်ကူးပြောင်းလာရသည်မှာ ဘာမျှ အဓိပ္ပာယ်ရှိတော့မည် မဟုတ်ပေ။

"တောင်.... ဂုဏ်ယူပါတယ် အရှင်သခင်၊ သဘာဝ နတ်စမ်းရေ ဆယ်ပုလင်း ရရှိပါတယ်"

"တောင်.... ဂုဏ်ယူပါတယ် အရှင်သခင်၊ စွမ်းအင်စုပ်ယူခြင်း မဟာပညာရပ်ကို ရရှိပါတယ်"

"တောင်.... ဂုဏ်ယူပါတယ် အရှင်သခင်၊ အသစ်တစ်ဖန် ပြန်လည်မွေးဖွားခြင်း ဆေးလုံးကို ရရှိပါတယ်"

"အရှင်သခင်... အရှင်သခင့်ရဲ့ ကိုယ်ပိုင် အချက်အလက်တွေကို ကြည့်ချင်ပါသလားရှင်"

လက်ဆောင်များကို ချက်ချင်းရရှိလိုက်သဖြင့် ချင်ယွမ်ဖုန်းမှာ အံ့အားသင့်လျက် ခေါင်းညိတ်ပြ

လိုက်မိသည်။

"ကြည့်မယ်"

> အရှင်သခင်: ချင်ယွမ်ဖုန်း

> အသက်: ၁၈ နှစ်

> ကျင့်စဉ်အဆင့်: အားအင်ချိနဲ့သူ

> စစ်ပညာ: မရှိသေးပါ

> ကျင့်စဉ်ပညာ: စွမ်းအင်စုပ်ယူခြင်း မဟာပညာရပ်

> ယုံကြည်မှုတန်ဖိုး: ၁၅၀

မိမိ၏ အချက်အလက်များကို ဖတ်ပြီးနောက် ချင်ယွမ်ဖုန်းမှာ ဆွံ့အသွားရသည်။ အထူးသဖြင့် 'အားအင်ချိနဲ့သူ' ဆိုသည့် ကျင့်စဉ်အဆင့်မှာ အတော်ပင် အားနည်းလွန်းနေသည် မဟုတ်လော။

"ရှောင်လင်... ငါ့ကို ဒီလက်ဆောင်တွေနဲ့ အချက်အလက်တွေအကြောင်း ရှင်းပြစမ်းပါဦး"

သဘာဝ နတ်စမ်းရေ: မျိုးစေ့များ ဖွံ့ဖြိုးကြီးထွားမှုကို မြန်ဆန်စေရုံမျှမက အပင်များ၏ အစွမ်းသတ္တိကိုပါ မြှင့်တင်ပေးနိုင်သည်ပေ။

စွမ်းအင်စုပ်ယူခြင်း မဟာပညာရပ်: ရန်သူ၏ ခွန်အားများကို မိမိကိုယ်တိုင် အသုံးပြုနိုင်ရန် စုပ်ယူနိုင်သော ကျင့်စဉ်ဖြစ်ပေသည်။

အသစ်တစ်ဖန် ပြန်လည်မွေးဖွားခြင်း ဆေးလုံး: အရှင်သခင် စားသုံးလိုက်သည်နှင့် ခန္ဓာကိုယ်၏ အခြေအနေကို အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာသကဲ့သို့ ပြောင်းလဲပေးနိုင်သည့် အစွမ်းရှိသည်။

ရှောင်လင်၏ ရှင်းပြချက်ကြောင့် ချင်ယွမ်ဖုန်းမှာ အတော်အသင့် သဘောပေါက်သွားရလေသည်။ သဘာဝ နတ်စမ်းရေဟူသည်မှာ အပင်ကြီးထွားနှုန်းကို မြှင့်တင်ပေးသည့် အစွမ်းထက်ဆေးတစ်မျိုးနှင့် တူလှပေသည်။

ဥပမာအားဖြင့် ‘ဖေယွမ်ဆေးမြက်’ သည် ရင့်မှည့်ရန် ဆယ်နှစ်ကြာတတ်သော်လည်း နတ်စမ်းရေကို သုံးစွဲလျှင် တစ်ရက်တည်းဖြင့် ရင့်မှည့်နိုင်သည့်အပြင်၊ အာနိသင်မှာလည်း သာမန်အပင်များထက် နှစ်ဆ၊ သုံးဆမက ပိုမိုထက်မြက်မည် ဖြစ်ပေသည်။

စွမ်းအင်စုပ်ယူခြင်း မဟာပညာရပ်မှာမူ ပို၍ပင် အံ့သြစရာ ကောင်းလှ၏။ မိမိထက် အားနည်းသော ပြိုင်ဘက်ကို ချုပ်ကိုင်ထားနိုင်သရွေ့ ထိုသူ၏ ကျင့်စဉ်အားလုံးကို စုပ်ယူနိုင်မည် ဖြစ်ပေရာ ယင်းကပင် ‘ဝိညာဉ်စုပ်ယူခြင်း’ အတတ်နှင့် တူလှသည်။

"ဒါနဲ့... ယုံကြည်မှုတန်ဖိုး ဆိုတာ ဘာကို ပြောတာလဲ"

ရှောင်လင်က ပြန်လည်ရှင်းပြ၏။

"ယုံကြည်မှုတန်ဖိုးဆိုတာကတော့ အရှင်သခင့်

အပေါ် ထားရှိတဲ့ ကြောက်ရွံ့မှု၊ ကြည်ညိုမှု၊ ကိုးကွယ်မှု၊ မနာလိုမှု စတဲ့ ခံစားချက်တွေပဲ ဖြစ်ပါတယ်ရှင်။ အရှင်သခင့်ရဲ့ စွမ်းဆောင်မှုတွေက နေ့တစ်ဆင့် အဲဒီတန်ဖိုးတွေကို ရရှိနိုင်ပြီး စနစ်ရဲ့ အရောင်းဆိုင် မှာ လိုအပ်တဲ့ ပညာရပ်တွေနဲ့ ပစ္စည်းတွေကို ဝယ်ယူနိုင်ပါတယ်"

"အရောင်းဆိုင်ကို ဖွင့်ပြစမ်း"

ချင်ယွမ်ဖုန်းတစ်ယောက် အရောင်းဆိုင်ကို ကြည့်လိုက်မိသောအခါ မျက်နှာမှာ အေးခဲသွားရသည်။

"ဒီဆိုင်က ပစ္စည်းတွေက ဈေးကြီးလွန်းလှချေလား"

မိမိတွင်ရှိသော ၁၅၀ သော ယုံကြည်မှုတန်ဖိုးမှာ အတော်ပင် မပြောပလောက်ကြောင်း သိလိုက်ရသည်။

ဆိုင်အတွင်းရှိ ပစ္စည်းအများစုမှာ တန်ဖိုး သန်း

နှင့်ချီ၍ ရှိနေပေရာ မည်မျှကြာအောင် ကြိုးစားရမည်နည်း။

"ထားလိုက်ပါတော့လေ။ အခုလောလောဆယ် ယုံကြည်မှုတန်ဖိုးကို ထည့်မစဉ်းစားတော့ဘူး။ အေးအေးဆေးဆေးပဲ စိုက်ပျိုးရေးလုပ်မယ်၊ ပန်းလေးတွေစိုက်၊ အိမ်မွေးတိရစ္ဆာန်လေးတွေ မွေးပြီးပဲ အေးအေးချမ်းချမ်း နေတော့မယ်"

ချင်ယွမ်ဖုန်းတွင် ကြီးကျယ်သော ရည်မှန်းချက်ကြီးများ မရှိလှချေ။ ဤမြေနက်မြေမှာ ပတ်ဝန်းကျင် ဆိုးရွားလှသော်လည်း စနစ်ရှိနေပြီဖြစ်ရာ ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲနိုင်လိမ့်မည်ဟု သူ ယုံကြည်နေမိတော့သည်။

***